
ပါရမီရှင်တစ်ယောက်ရဲ့
ယင်ဝိုင်းကြဲ
စာစဉ်-၇
Translator-Heavenly Dao Translation Sect

# အခန်း (၃၁)
# ကောင်းကင်ဘုံအဆင့် အမြင့်ဆုံး သိုင်းပညာတစ်ခုကို တစ်ရက်တည်းဖြင့် ကျွမ်းကျင်ခြင်း

*

ကျယ်ပြောလှသော ထိုက်ရှီအကြွင်းအကျန်နယ်မြေအတွင်း၌။

နင်းဖန် နိုးလာသောအခါ အတွင်းစည်းနှင့်အပြင်စည်းတပည့်များစွာ၏ အာရုံစိုက်မှုသည်သူ့ထံသို့ နောက်တစ်ကြိမ် ရောက်ရှိလာခဲ့ကြပြန်လေ ၏။

အောက်ဘက်ရှိ သိုင်းပညာ လေ့ကျင့်ရေးကွင်း ပေါ်တွင် ဖြစ်ပျက်နေသည်များကို သူတို့ စောင့်ကြည့်နေ ကြပြီး စိတ်ဝင်တစားဖြင့် စတင်ဆွေးနွေးလာခဲ့ကြလေသည်။

"ဒီရုပ်သေး သားရဲက ဘယ်က ရောက်လာတာလဲ...။ သူက လူတွေအနားကို ဘယ်လို ကပ်ရမလဲဆိုတာ တောင် သိနေတာပဲ...။"

"အဲဒါက ဝိညာဉ်ထိန်းချုပ်ရေး တောင်ထိပ်က တပည့်တစ်ယောက် ဖန်တီးထားတာ ဖြစ်ရမယ်...။"

"ကျရှုံးထားတဲ့ ရုပ်သေးတစ်ခုနဲ့ တူတယ်...။"

"ငါ ကြားထားတာတော့ ဝိညာဉ်ထိန်းချုပ်ရေး တောင်ထိပ်မှာ ကျင့်ကြံနေတဲ့ အတွင်းစည်း စီနီယာအစ်ကို တစ်ယောက်က ပြောတယ်...။ ဒါက

အကြီးအကဲချီ သူ့ရဲ့ လူငယ်ဘဝတုန်းက ဖန်တီးခဲ့တဲ့ ရုပ်သေး သားရဲလေးတဲ့...။"

"နောက်ဆုံးရထားတဲ့ သတင်းကတော့ အကြီးအကဲချီက ဒီချုံးချီ ရုပ်သေးလေးကို အဝေးကနေ ထိန်းချုပ်နေတာတဲ့။ ဂိုဏ်းက အဲ့ဒီ ရုပ်သေးကို အသုံးပြုပြီး နင်းဖန်ကို ဆက်သွယ်ဖို့နဲ့ ကောင်းကင်ဘုံ အဆင့်မြင့် သိုင်းပညာကို မကျင့်ကြံဖို့ သူ့ကို သတိပေးချင်နေတာလို့ကြားတယ်...။"

"ဪ... အောက်ဘုံနယ်မြေနဲ့ ဆက်သွယ်ဖို့ ရုပ်သေးကို အသုံးပြုဖို့ စဉ်းစားမိတာ အကြီးအကဲတွေက တကယ်ကို ပညာရှိတာပဲ...။"

ဂိုဏ်းချုပ်နှင့် အခြားသူများသည် သူတို့၏

လှုပ်ရှားမှုများကို တမင်တကာ ဖုံးကွယ်ထားခြင်းမျိုး မရှိခဲ့ ချေ။

အစစ်အမှန်တပည့်များနှင့် ပိုမို ရှေ့ရောက်နေသော အတွင်းစည်းတပည့်များ အားလုံးသည် မည်သည့် အရာများ ဖြစ်ပျက်နေသည်ကို သိရှိနိုင်ကြလေ၏။

ထို့ကြောင့် ဆွေးနွေးမှုများကြားတွင် သတင်းသည် တောမီးကဲ့သို့ လျင်မြန်စွာ ပြန့်နှံ့သွားခဲ့လေသည်။

လှိုင်းတံပိုးများကဲ့သို့ အလွှာများကို ဖြတ်သန်းသွားကာ အပြင်စည်းတပည့်များ၏ နားထဲသို့ ရောက်ရှိ သွားခဲ့လေ၏။

ထို့ကြောင့် ထိုက်ရီအကြွင်းအကျန်နယ်မြေအတွင်းရှိ အားလုံးသည် လက်ရှိ အခြေအနေကို

နားလည် သွားကြလေသည်။

ဂိုဏ်း၏ အကြီးအကဲများသည် နင်းဖန်ကို လမ်းလွဲမသွားစေချင်ကြချေ။

သို့သော် အတားအဆီး ရှိနေခြင်းကြောင့် သူ့ကို တိုက်ရိုက် ဆက်သွယ်၍ မရနိုင်ပေ။

ထို့ကြောင့် သူတို့သည် အခြားနည်းလမ်းကို အသုံးပြုကာ သူ့ကို ဆက်သွယ်ရန် အဝေးမှ ရုပ်သေးတစ်ခု ကို ထိန်းချုပ်သည့် ဤနည်းလမ်း ကို ရှာဖွေခဲ့ကြခြင်း ဖြစ်လေ၏။

ကံမကောင်းစွာဖြင့် အကြီးအကဲချီ ဖန်တီးခဲ့ သော ရုပ်သေးများစွာထဲတွင် နတ်ဘုရားစိတ် အာရုံဖြင့် ထိန်းချုပ်နိုင်သော တစ်ခုတည်းသော အရာမှာ ဤကျရှုံးထားသော ချုံးချီ သားရဲလေး သာ ဖြစ်နေခဲ့သည်။

ထို့အပြင် နတ်ဘုရားစိတ်အာရုံ ပို့လွှတ်မှုမှာ ပြတ်တောင်းပြတ်တောင်း ဖြစ်နေခဲ့၏။ ထို အချက်က အမှိုက်သံတိုး ချိုးချီလေး၏ အပြုအမူ ကို အတော်လေး ထူးဆန်းနေစေခဲ့၏။

အကြောင်းရင်းနှင့် အကျိုးဆက်ကို နားလည် ပြီးနောက် တပည့်များစွာသည် လေးစားမှုများ ဖြင့် ပြည့်နှက် သွားခဲ့ကြတော့သည်။

ဤလေးစားမှုမှာ တစ်ဖက်တွင် အကြီးအကဲ များ၏ ဉာဏ်ပညာရှိသော စိတ်ကူးအတွက်ဖြစ် ပြီး အခြား တစ်ဖက်တွင်မူ နင်းဖန်၏ ဉာဏ်ပညာအတွက် ဖြစ်လေ၏။

"မင်း ငါ့ကို မေးရင် ထိုက်ရီအစစ်အမှန်ဂိုဏ်းရဲ့ အမွေအနှစ် နှစ်ထောင်ပေါင်းများစွာ သမိုင်းမှာ မွေးရာပါ ဉာဏ်အကောင်းဆုံးသူက တပည့်

ခေါင်းဆောင် နင်းပဲ ဖြစ်ရမယ်...။"

"ဘယ်လိုပဲဖြစ်ဖြစ် ငါတော့ လုံးဝ ယုံကြည်သွားပြီ...။ အဖြေကို သိပြီး ရုပ်သေး သားရဲလေး မြေကြီးပေါ် မှာ ဆွဲနေတဲ့ စာလုံးတွေကို ကြည့်နေရင်တောင် အဲဒီမှာ ဆင်တူတဲ့အရာလေး တစ်ခုတောင် ငါ မရှာတွေ့နိုင်ဘူး...။"

"နင်းဖန်က 'ကျင့်' နဲ့ 'ကြိုး' ကို ဘယ်လို မှတ်မိလဲဆိုတာ ငါ တကယ် မသိဘူး...။"

"သူက အမိပ္ပာယ်ကို လုံးဝ နားလည်မှု လွဲသွားပေမယ့် အနည်းဆုံးတော့ အဲဒီ စကားလုံး နှစ်လုံးကို သူ လုံးဝ ခန့်မှန်းတာမမှားခဲ့ဘူး...။"

"နင်းဖန်ရဲ့ ဉာဏ်ရည်က ငါ့ထက် တစ်ဆင့်လောက် ပိုမြင့်မယ် ထင်တယ်...။"

"အဲဒီလောက် မနိမ့်ပါဘူး...။"

"ဟာင်... နင်းဖန်က သူ့ရဲ့ လက်သီး နည်းစနစ်ကို စတင် လေ့ကျင့်နေပြီလား...။"

တပည့်များစွာသည် ဆူညံစွာ ဆွေးနွေးနေကြပြီး အများစုမှာ နင်းဖန်၏ စကားလုံး ခန့်မှန်းမှုကို ငြင်းခုံ နေကြ၏။

သူ စကားလုံး နှစ်လုံးကို ခန့်မှန်းနိုင်ခဲ့သည်မှာ ယုံကြည်နိုင်စရာ မရှိဟု အများအပြားက ထင်မြင်ခဲ့ကြ သည်ပင်။

ကောင်းကင်ယံတွင် ရပ်ကာ တည့်တည့် ငုံ့ကြည့်နေသည့် သူတို့ပင်လျှင် ခွဲခြားသိမြင်ရန် အလွန် ခက်ခဲ ကြောင်း တွေ့ရှိရလေ၏။

သို့တိုင် မြေကြီးပေါ်တွင် ရပ်ကာ အလျားလိုက် ကြည့်နေသော နင်းဖန်သည် ထိုစကားလုံးများကို မှတ်မိနိုင်ခဲ့သည်ပင်။

ဤမြင်ကွင်း တစ်ခုတည်းကပင် သူ၏ တွေးခေါ်မှု ပြောင်းလွယ်ပြင်လွယ်ရှိခြင်းနှင့် သူ၏ စိတ်ထက်မြက် မှုကို သက်သေပြရန် လုံလောက်ပေသည်။

တစ်ခဏတာအတွင်းပင် တပည့်များအားလုံးသည် လေးစားမှုများဖြင့် ပြည့်နှက်သွားခဲ့ကြလေ၏။

နင်းဖန် သူ၏ လက်သီး နည်းစနစ်ကို စတင်လေ့ကျင့်သည့် အချိန်ရောက်မှသာ သူတို့ သတိဝင်လာ ခဲ့ကြလေသည်။

ထို့နောက် နောက်ထပ် ဆူညံသံတစ်ခု ပေါက်ကွဲထွက်လာခဲ့ပြန်လေ၏။

"ဘာ... နင်းဖန်က တောင်ငါးလုံး စစ်မှန်သောပုံစံ လက်သီး ကို ဒီနေ့ လေ့ကျင့်တော့မှာ

လား...။"

"အဲဒါက နည်းနည်း လောလွန်းနေတာ မဟုတ်ဘူးလား...။"

"ငါ့ရဲ့ အသိပညာကင်းမဲ့မှုကို ခွင့်လွှတ်ပါ ဒါပေမယ့် ဒီလက်သီး နည်းစနစ်က အရမ်း ခက်ခဲလို့လား...။ အကြီးအကဲတွေက ဘာလို့ သူ့ကို မလေ့ကျင့်စေချင်ရတာလဲ...။"

"မင်းကို စာများများ ဖတ်ဖို့ ငါ ပြောသားပဲ...။ ဒါပေမယ့် မင်းက ဝက်မွေးဖို့ကိုပဲ ဇွတ်လုပ်နေတာကို....။ ရှေးဟောင်း မှတ်တမ်းတွေကို ဖတ်ဖို့ မင်းသာ ကျမ်းစာဆောင်ကို မကြာခဏ သွားခဲ့ရင် ငါတို့ဂိုဏ်းမှာ ဒီလက်သီး နည်းစနစ်ရဲ့ သမိုင်းကြောင်းကို မင်း သိမှာပေါ့...။"

"ဟုတ်တယ်... ဒီလက်သီး နည်းစနစ်က ဂိုဏ်းရဲ့

သုံးဆယ့်နှစ်ဆက်မြောက် ဂိုဏ်းချုပ်ဖြစ်တဲ့ ဂိုဏ်းချုပ် စွန်း ရဲ့ အထင်ကရ ကျွမ်းကျင်မှုပဲ...။ အဲဒီတုန်းက ဂိုဏ်းချုပ်စွန်းက သူ့ရဲ့ ပြိုင်ဘက်ကင်း အာဏာရှင် ရုပ်ခန္ဓာကိုယ် ရဲ့ အားသာချက်ကို အားကိုးပြီး ဒီနည်းစနစ်ကို ကြီးမားတဲ့ အောင်မြင်မှုအထိ ကျင့်ကြံခဲ့ တာ...။"

"လောကရဲ့ ပါရမီရှင် အားလုံးကို အနိုင်ယူပြီး ပြိုင်ဘက်ကင်းစွာနဲ့ နယ်မြေကို လွှမ်းမိုးခဲ့ တယ်...။ အဲဒါက ယုံကြည်နိုင်စရာ မရှိလောက်အောင် ဂုဏ်ကျက်သရေရှိတဲ့ ခေတ်တစ်ခုပဲ...။ ထိုက်ရီရဲ့ နာမည်က ကမ္ဘာ အနှံ့ ကျော်ကြားခဲ့ပြီး ပင်လယ်လေးစင်းနဲ့ အရပ်ရှစ်မျက်နှာအတွင်းမှာ ဘယ်သူမှ မဖီဆန်ရဲခဲ့ဘူး...။ ဒီလို ခမ်းနားမှုမျိုးက နောက်ပိုင်းမှာ ပြန်လုပ်ဖို့ ခက်ခဲခဲ့တယ်...။"

"နှမြောစရာပဲ…။ သူက တောင်ငါးလုံးကြောင့် အောင်မြင်ခဲ့သလို အဲဒါကြောင့်ပဲ ကျရှုံးခဲ့ရတာ။ အဆုံး မှာတော့ ဂိုဏ်းချုပ်စွန်းက ဒီနည်းစနစ်ကို ပြီးပြည့်စုံတဲ့အထိ ကျင့်ကြံချင်ခဲ့တယ် ဒါပေမယ့် အကြိမ်ကြိမ် ကျရှုံးပြီး သူ့ရဲ့ ကြိုးစားအားထုတ်မှု တွေ ကုန်ဆုံးသွားပြီးနောက်မှာ သူ့ရဲ့ သက်တမ်း က ကုန်လုနီးပါး ဖြစ်သွားခဲ့ပြီလေ။ မဟုတ်ရင် သူ့ရဲ့ ပါရမီနဲ့ဆို သူက နတ်ဘုရားကူးဖြတ်ခြင်း အဆင့်ကိုတောင် ကြိုးစား နိုင်ခဲ့မှာ…။"

"ဂိုဏ်းချုပ်စွန်း လို ထူးချွန်တဲ့ ပါရမီရှင်တစ်ယောက်တောင် ဒီနည်းစနစ်ကို သူ့ရဲ့ ကိုယ်ပိုင်နယ်မြေနဲ့ ဟန်ချက်မညီနိုင်ခဲ့ဘူး… ဝမ်းနည်းစရာပဲ…။"

"ဒါဆို အကြီးအကဲတွေက နင်းဖန်ကို ဒီ

လက်သီး နည်းစနစ်နဲ့ ဘာလို့ မထိတွေ့စေချင်ရလဲဆိုတာ အခု မင်း နားလည်ပြီ မဟုတ်လား...။"

"ဩော်... ငါ့ကို အသိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် စီနီယာအစ်ကိုတို့...။"

"အားလုံးက အဆိုးမြင်လွန်းနေတယ်လို့ ငါ ထင်တယ်...။ နင်းဖန်မှာ ကျမ်းစာဆောင်ရဲ့ နဝမ ထပ် ပါရမီ ရှိတယ်လေ...။ အကယ်၍ သူက ပြီးပြည့်စုံမှုကို မတောင့်တဘဲ ဂိုဏ်းချုပ်စွန်း လိုမျိုး ကြီးမားတဲ့ အောင်မြင်မှုအဆင့်ကိုပဲ ရောက်မယ်ဆိုရင် သူ့ကို နှောင့်နှေးစေမှာ မဟုတ်ဘူး မဟုတ်လား...။"

"အဲဒါက ဘယ်လိုလုပ် တူနိုင်မှာလဲ...။ ဂိုဏ်းချုပ်စွန်းမှာ ပြိုင်ဘက်ကင်း အာဏာရှင် ရုပ်ခန္ဓာကိုယ် ရှိတယ်လေ အဲဒါက ဒီလို

လက်သီး နည်းစနစ်မျိုးကို ကျင့်ကြံဖို့ အထူး သင့်လျော်တယ်...။ ဒါပေမယ့် နင်းဖန်မှာ သေမျိုး ခန္ဓာကိုယ်ပဲ ရှိပြီး ဘာအပို အကူအညီမှ မရှိဘူး...။"

"ဟုတ်တယ်... ဒီကမ္ဘာကြီးရဲ့ သူ့ရဲကောင်းတွေက မြစ်ကို ဖြတ်ကူးနေတဲ့ ငါးကြင်းတွေလိုပဲ အရေ အတွက် များပြားတယ်...။ နဂါးတွေနဲ့ ဖီးနစ်ငှက်တွေကြားမှာတောင် လမ်းခရီးကို ခက်ခဲတယ်လို့ ထင်နေကြတာ သေမျိုးခန္ဓာကိုယ်ဆိုရင် ပိုဆိုးမှာပေါ့...။"

"အဲဒီလိုဆိုရင် နင်းဖန်က အခု ဒီနည်းစနစ်ကို လေ့ကျင့်နေတာ သူ့ဘဝကို အလကား ဖြုန်းတီးနေတာ ပဲမဟုတ်ဘူးလား...။"

"ဒါက နာမည်ကြီး ဆရာတစ်ယောက်ရဲ့

လမ်းညွှန်မှု မရရှိတာရဲ့ ရလဒ်ပဲ ။ အခုတော့ တပည့်ခေါင်းဆောင် နင်းက ပျော်ဖို့သက်သက် တစ်ကြိမ်လောက် လေ့ကျင့်နေတာဖြစ်ပြီး ဒီနည်းစနစ်ကို တကယ် ကျင့်ကြံဖို့ ရည်ရွယ်မထားဘူးလို့ပဲ ငါတို့ မျှော်လင့်နိုင်တော့တယ်...။"

တပည့်များစွာ၏ ဆွေးနွေးမှုများနှင့် ဝါရင့်တပည့်များက လူသစ်များကို ပညာပေးမှုများနှင့်အတူ၊ နင်းဖန်၏ လေ့ကျင့်မှုအပေါ် အလေးအနက်ရှိမှုကို အားလုံး သိရှိသွားခဲ့ပြီ ဖြစ်၏။

ရုတ်တရက် လျှို့ဝှက်နယ်မြေ တစ်ခုလုံးတွင် နင်းဖန်၏ လေ့ကျင့်မှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ နေရာတိုင်းတွင် ရှိနေခဲ့သည်။

တပည့်များစွာသည် စိတ်ခံစားမှု ပြင်းထန်လာပြီး သူ့ကို တားဆီးရန် အောက်ဘုံနယ်မြေသို့

အောင်ပတ် ခဲ့ကြ၏။ သို့သော် သူတို့၏ အောင်သံများသည် ထိုက်ရီအကြွင်းအကျန်နယ်မြေ၏ အာကာသ အတား အဆီးကို မည်သို့ ဖောက်ထွင်းသွားနိုင်ပါမည်နည်း။

ထိုလုပ်ရပ်မှာ အချည်းနှီးသော ကြိုးစားအားထုတ်မှုတစ်ခု ဖြစ်လာရန် ဖန်တီးခံထားရပေသည်။

အပြင်စည်း အကြီးအကဲများနှင့် အုပ်ထိန်းသူများစွာသည် ဤသည်ကို မြင်သောအခါ အတွင်းစိတ်တွင် သက်ပြင်းချလိုက်ကြ၏။ အမြင့်ဆုံးပါရမီရှင်တစ်ဦး နောက်ဆုံးတွင် ပေါ်ထွက်လာခဲ့သော်လည်း ဂိုဏ်း ၏ ကံဆိုးမှုကြောင့် သူသည် အစကတည်းက လမ်းလွဲနေခဲ့ရသည်ပင်။

ဤကျိန်ဆဲခံရမည့် မိုးကောင်းကင်တာအိုက လူ

များကို တမင်သက်သက် ကစားနေခြင်းလော...။

အဓိက စက်ဝိုင်းတွင် အကြီးအကဲများစွာမှာလည်း စိုးရိမ်ပူပန်နေခဲ့ကြ၏။

"စီနီယာအစ်ကိုတို့... တခြားနည်းလမ်း ရှိသေးလား...။"

ဂိုဏ်းချုပ်က လေးလံစွာ မေးလိုက်လေသည်။

သို့သော် ဤတစ်ကြိမ်တွင် အားလုံးသည် တကယ်ပင် အကြံအစည်များ ကုန်ခန်းသွားပြီး အကူအညီမဲ့စွာ ခေါင်းခါရုံသာ တတ်နိုင်ကြလေတော့၏။

"နင်းဖန်က ဒုတိယအကြိမ် ပြန်စနေပြီ...။"

အောက်ခြေအဆင့် အကြီးအကဲတစ်ဦးက ရုတ်တရက် စကားထပြောလိုက်သဖြင့် အားလုံးလန့်သွားပြီး အောက်ဘက်သို့ အလျင်အမြန် ပြန်

ကြည့်လိုက်ကြလေသည်။

လက်သီး နည်းစနစ် ပထမအကြိမ် ပြီးဆုံးသွားပြီးနောက် နင်းဖန်သည် ကိုယ်နေဟန်ထား ပြင်ကာ ဒုတိယ အကြိမ် စတင် လေ့ကျင့်နေသည်ကို သူတို့ မြင်တွေ့လိုက်ရ၏။

ပြီးတော့ သူ စတင်လိုက်သည်နှင့် မရပ်တော့ချေ။ သူသည် ထိုလေ့ကျင့်မှုထဲတွင် လုံးဝနစ်မြုပ်နေပုံရ ပေသည်။

တစ်နာရီ၊ နှစ်နာရီ... သူသည် ဝိညာဉ်စမ်းရေ တစ်စက်မျှ မသောက်သလို ဝိညာဉ်ဆန် တစ်စေ့မျှလည်း မစားခဲ့ချေ။

"ပြီးပြီ ပြီးပြီ...။ ဒါကို ကြည့်ရတာ ဒီကလေးက တောင်ငါးလုံး စစ်မှန်သော ပုံစံ လက်သီး ကို တစ်ခုခု ဖြစ်လာအောင် တကယ် လုပ်ချင်နေတာ

ပဲ...။"

"လှည်းကို မြင်းရှေ့ ထားနေတာပဲ... လှည်းကို မြင်းရှေ့ ထားနေတာပဲ...။ သူက သူ့ရဲ့ ကိုယ်ပိုင် နည်းစနစ် ကို ဘာလို့ အရင် မကျင့်ကြံနိုင်ရတာ လဲ...။ အကန့်အသတ်မဲ့ တာအိုကျမ်းစာ က သူ့ကို ကျေနပ်ဖို့ မလုံ လောက်လို့လား...။"

တောင်ထိပ်အရှင်သခင်အဆင့် အကြီးအကဲ အချို့သည် အကြိမ်ကြိမ် လေ့ကျင့်နေသော နင်းဖန်၏ လေးနက်သည့် အမူအရာကို မြင်သောအခါ လုံးဝ မျှော်လင့်ချက် ကင်းမဲ့သွားကြလေတော့၏။

ထိုက်ရှီအကြွင်းအကျန်နယ်မြေ တစ်ခုလုံး အပါအဝင် တပည့်များစွာမှာလည်း မျက်နှာများ ပြာနှမ်း နေကြလေသည်။

ပျင်းစရာကောင်းသော လက်သီး နည်းစနစ် လေ့ကျင့်မှုနှင့် နှိုင်းယှဉ်ပါက သူ၏ ယခင်က မရှိခဲ့ဖူးသော ကောင်းကင်ဘုံ အဆင့်မြင့် နည်းစနစ်နှင့် နဝမအဆင့် သေမျိုးခန္ဓာကိုယ် ပါရမီတို့ဖြင့် နင်းဖန် မည်မျှ မြန်မြန် ကျင့်ကြံနိုင်သည်ကို သူတို့ မြင်တွေ့ချင်ခဲ့ကြ၏။

သို့သော် ယခု သူသည် လက်သီး နည်းစနစ်ကို စွဲလမ်းနေခဲ့သည်။ သူသည် သူ၏ ကိုယ်ပိုင် တောက်ပ သော အနာဂတ်ကို အတင်းအဓမ္မ ဖြတ်တောက်လိုက်ခြင်းပင်။

အစစ်အမှန်တပည့်များသည် သက်ပြင်းချကာ ခေါင်းခါလျက် အသစ်ခန့်အပ်ခံရသော သူတို့၏ တပည့် ခေါင်းဆောင် နင်းသည် မည်မျှ အမြင်ကျဉ်းမြောင်းကြောင်းကို တိုးတိုးလေး ဆွေးနွေး

နေကြ၏။

သူတော်စင် ယွင်ကျယ် ကမူ အံ့ဩဝမ်းသာ ဖြစ်နေခဲ့သည်။ နင်းဖန်သည် အနိုင်ရနေသော ဖဲချပ်ကို နောက်တစ်ကြိမ် ဤမျှ ဆိုးရွားစွာ ကစားလိမ့်မည်ဟု သူ ဘယ်သောအခါမျှ မမျှော်လင့်ထားခဲ့ချေ။

"သူက ကောင်းကင်ဘုံ အဆင့်မြင့် နည်းစနစ်ကို ကျေနပ်မှုမရှိဘဲ ကောင်းကင်ဘုံ အဆင့်မြင့် သိုင်းပညာ တစ်ခုကိုပါ ကျင့်ကြံဖို့ တကယ်ရဲတင်းတာပဲ...။ ဒီလောက် လောဘကြီးတာ မင်းရဲ့ နယ်မြေက အောက် မှာ မနေရင် ဘယ်သူ့ နယ်မြေက နေမှာလဲ...။"

"ဖြစ်နိုင်တာက သူက လက်သီး နည်းစနစ်ကို လေ့ကျင့်ဖို့ ဆယ်နှစ် ဒါမှမဟုတ် အနှစ်နှစ်ဆယ်

လောက် အချိန်ယူဖို့ ဆန္ဒရှိတဲ့ ခေါင်းပူလေး တစ်ယောက် ဖြစ်နိုင်တယ်...။ စိတ်ဝိညာဉ်သန့်စင်ခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့တောင် သူ့မှာ အချိန် လုံလုံလောက်လောက် မရှိတော့တဲ့ အထိပေါ့...။"

သူတော်စင်သည် လက်နှစ်ဖက်ကို နောက်ပစ်ကာ ရပ်နေပြီး အောက်ဘက်ရှိ သိုင်းပညာလေ့ကျင့်ရေး ကွင်းပေါ်မှ ချွေးများ ရွှဲနစ်နေသော နင်းဖန်၏ ပုံရိပ်ကို ကြည့်ရင်း သူ၏ နှုတ်ခမ်းများ ကွေးတက်သွားခြင်း ကို မထိန်းချုပ်နိုင်ခဲ့ချေ။

မည်သို့ပင်ဆိုစေ သိုင်းလောကတွင် မည်ကဲ့သို့ပင် ပြောဆိုကြပါစေ အဆုံးတွင် ကိုယ်ပိုင်ကျင့်ကြံမှု အပေါ်တွင်သာ မူတည်နေပေသည်။

သင်သည် အမြင့်ဆုံး နတ်ဘုရား ကျွမ်းကျင်မှု တစ်ခုကို ကျွမ်းကျင်လျှင်ပင် ဘာအသုံးဝင်မည်နည်း။ အများဆုံးအနေဖြင့် တူညီသော နယ်မြေအတွင်း ပြိုင်ဘက်ကင်း ဖြစ်လာရုံသာ ရှိပေလိမ့်မည်။

"ဒါပေမဲ့ မင်းက ကောင်းကင်ဘုံ အဆင့်မြင့် သိုင်းပညာတစ်ခုကို ကျင့်ကြံဖို့ အချိန်အမြောက်အမြား အသုံးပြုနေချိန်မှာ ငါက ငါ့ရဲ့ အဓိက ကျင့်ကြံခြင်းနည်းစနစ်ကို အသုံးပြုပြီး ပိုမြင့်တဲ့ နယ်မြေတစ်ခုကို ရောက်နေပြီး ဖြစ်မှာ..."

"အဲဒီအချိန်ကျရင် ဂိုဏ်းက မင်းကို တပည့်ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုမလား ဒါမှမဟုတ် ငါ့ကို သူတော်စင်အဖြစ် အသိအမှတ်ပြု

မလား ဆိုတာ ကြည့်ကြသေးတာပေါ့...။"

ယွင်ကျယ် သည် သူ၏ နှလုံးသားထဲတွင် ရှုံးသွပ်စွာ ရယ်မောနေခဲ့၏။

နင်းဖန် သူ၏ အမှားကို သဘောမပေါက်ဘဲ ဤအတိုင်း ဆက်လက် လေ့ကျင့်နေသရွေ့ နောက်ဆုံး အနိုင်ရသူမှာ သူသာလျှင် ဖြစ်ပေလိမ့်မည်။

သူ ထိုသို့ တွေးနေစဉ်မှာပင်။ ရုတ်တရက် အကြီးအကဲတစ်ဦးက သံသယဖြင့် စကားပြောလာခဲ့၏။

"ထူးဆန်းတယ်... နင်းဖန်ရဲ့ လက်သီး အဟုန်က ပိုပိုပြီး အားကောင်းလာသလိုပဲ ဆိုတာကို မင်းတို့ သတိ ထားမိကြလား...။"

ဤစကားကို ပြောလိုက်သည်နှင့် အားလုံး မှင်

တက်သွားကြ၏။ ချွမ်းကုန်းတောင်ထိပ်၏ တောင်ထိပ် အရှင်သခင် ရှိယိုဝေသည် ချက်ချင်း ပင် အောက်သို့ ငုံ့ကြည့်ကာ ဂရုတစိုက် အကဲခတ်လိုက်လေသည်။

သူသည် နည်းစနစ်များ သင်ကြားပို့ချခြင်းကို တာဝန်ယူထားပြီး နှစ်တစ်ထောင်ကျော်အတွင်း တပည့် ပေါင်း ရေတွက်မရနိုင်အောင် သင်ကြား ပေးခဲ့ဖူးရာ ဤနယ်ပယ်တွင် ကျွမ်းကျင်သူတစ် ဦး ဖြစ်လေ၏။

ထို့ကြောင့် ဤအကြည့်ဖြင့် သူ၏ မျက်လုံး သူငယ်အိမ်များ ရုတ်တရက် ကျယ်လာပြီး ပြင်းထန်သော မယုံကြည်နိုင်မှုများဖြင့် တောက်ပသွားခဲ့သည်။

"ဒါ မဖြစ်နိုင်ဘူး...။ နင်းဖန်ရဲ့ လက်သီး အဟုန်

က ဘယ်လိုလုပ် ဒီလောက် ပြင်းပြင်းထန်ထန် မြင့်တက် လာနိုင်ရတာလဲ...။"

"ဒါက... ဒါက သူ့ရဲ့ လက်သီး နည်းစနစ် တစ်ကြိမ် လေ့ကျင့်တာက တခြားသူတွေ တစ်သောင်း လေ့ကျင့် တာနဲ့ တန်ဖိုးတူနေသလိုပဲ...။"

"ကမ္ဘာပေါ်မှာ ဘာတွေများ ဖြစ်နေတာလဲ...။"

***